**စက်သုံးဆီအရောင်းဆိုင်သစ် ဖွင့်လှစ်ခွင့်ပြုနိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့မှ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်ထုတ်ပေးနိုင်ရန်အတွက် စိစစ်ဆောင်ရွက်သင့်သည့် (Main SOP) အချက်အလက်များ အကြံပြုတင်ပြခြင်း**

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ (၁၈-၁၂-၂၀၁၅) ရက်စွဲပါစာအမှတ်၊ အုပ်ချုပ်- စီမံ/ ၀၂/ ၃(၄၃၆၆)၂၀၁၅ စာဖြင့် ထုတ်ပြန်ချက်အရ စက်သုံးဆီအရောင်းဆိုင် အသစ်များအတွက် သတ်မှတ်ထားသည့်အနည်းဆုံးရှိရမည့် မြေအကျယ်အဝန်းနှင့် သိုလှောင်ခွင့်ပြုမည့် စက်သုံးဆီအမျိုးအစားနှင့် ပမာဏ၊ သိုလှောင်ခွင့်ပြုမည့်စနစ်တို့ကို စိစစ်ဆောင်ရွက်ရန်။

**(တိုင်းဒေသကြီး၊ ရေနံထွက်ပစ္စည်းများတင်သွင်း၊ သိုလှောင်၊ သယ်ယူ၊ ချက်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချခြင်းလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေး ဆပ်ကော်မတီမှ စိစစ်ဆောင်ရွက်ရန်)**

၂။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ (၅-၇-၂၀၁၅)ရက်စွဲပါစာအမှတ်၊ စွမ်းအင်/ အုပ်ချုပ်- စီမံ/ ၀၁ / ၁၈ (၁၁၇၀) ဖြင့် ထုတ်ပြန်ထားသည့် ဘေးကင်းလုံခြုံမှု အကွာအဝေးသတ်မှတ်ချက်အရ စက်သုံးဆီ အရောင်းဆိုင်များသည် ရေနံနှင့်သဘာဝ ဓါတ်ငွေ့ပိုက်လိုင်းများမှ ပေ (၁၄၀၀) အကွာတွင် တည်ရှိရမည်ဟူသော သတ်မှတ်ချက်အရ စိစစ်ဆောင်ရွက်ရန်။

**(သက်ဆိုင်ရာ (MOGE) မြန်မာ့ ရေနံနှင့်သဘာဝ ဓါတ်ငွေ့လုပ်ငန်းမှ တာဝန်ရှိသော ရေနံမြေတာဝန်ခံများမှ စိစစ်ပေးရန်)**

**ဆောင်ရွက်ရန် အချိန်ကာလသတ်မှတ်ချက်**

၃။ သက်ဆိုင်ရာအထောက်အထားများ ပြည့်စုံလျှင် ပြည်နယ်ရေနံထွက်ပစ္စည်းများတင်သွင်း၊ သိုလှောင်၊ သယ်ယူ၊ ချက်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချခြင်းလုပ်ငန်းများထိန်းသိမ်းကြီးကြပ်ရေး ဆပ်ကော်မတီမှ ရက်သတ္တတစ်ပါတ် အတွင်းကွင်းဆင်းစစ်ဆေး၍ ပြည်နယ်အစိုးရအဖွဲ့သို့ ပြန်လည်တင်ပြသွားမည်ဖြစ်ပါသည်။

**စစ်ဆေးကြီးကြပ်ဆောင်ရွက်ရန်**

၄။ တိုင်းဒေသကြီး/ပြည်နယ်၊ ရေနံထွက်ပစ္စည်းများ တင်သွင်း၊ သိုလှောင်၊ သယ်ယူ၊ ချက်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချခြင်းလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးဆပ်ကော်မတီနှင့်

ခရိုင်/မြို့နယ်အဆင့် ထိန်းသိမ်းကြီးကြပ်ရေးဆပ်ကော်မတီအဖွဲ့တို့မှ စိစစ်ဆောင်ရွက်သွားရန် ဖြစ်ပါသည်။